ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၆ /၂၀၂၀
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၃၁ ရက်

## ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လိုက်နာရန် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာခြင်း

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် တောင်သူလယ်သမားများနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေကြသည့် ကုမ္ပဏီ၊ ပုဂ္ဂလိက လုပ်ငန်းရှင်၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ၂၉ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

### ၁။ တောင်သူများက လိုက်နာဆောင်ရွက်ရန်အချက်များ

(က) ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်ရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ သို့မဟုတ် လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် ရရှိထားသည့် အထောက်အထား တစ်ခုခု တင်ပြနိုင်သူဖြစ်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် စုပေါင်းတာဝန်ယူသည့်စနစ် (၅ယောက်တစ်ဖွဲ့ဝိုင်းကြီးချုပ်စနစ်)ကို မိမိတို့သဘောတူညီနိုင်းဖွဲ့စည်းရန်နှင့်အဖွဲ့ခေါင်းဆောင် (Key Farmer)ကို ရွေးချယ်ပေးရမည်။

(ခ) ကန်ထရိုက်လယ်ယာစနစ် စာချုပ်ချုပ်ဆိုသော တောင်သူလယ်သမားများအနေဖြင့် စာချုပ်သက်တမ်းနှင့် စာချုပ်အသက်ဝင်မည့် ကာလအပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို အကြေအလည်ဆွေးနွေးပြီး ကောင်းစွာသိရှိနားလည်သဘောပေါက်အောင် ကြိုတင်ဆောင်ရွက်ထားရမည်။ နှစ်ဦးနှစ်ဖက်နစ်နာမှုမရှိစေရေးအတွက် နှစ်စဉ်စာချုပ် ညှိနှိုင်းချုပ်ဆိုရမည်။

(ဂ) စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများအနေဖြင့် လက်မှတ်ရေးထိုးဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များနှင့် သဘောတူညီထားသည့် စာချုပ်ပါ စည်းကမ်းချက်များနှင့် စိုက်ပျိုးမွေးမြူရေးစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ (စာချုပ်တွင် စာချုပ်သက်တမ်းနှင့် စာချုပ်အသက်ဝင်မည့် ကာလအပါအဝင် စာချုပ်ပါစည်းကမ်းချက်များ ဖော်ပြရမည်)

(ဃ) ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်မည့် လုပ်ငန်းပေါ် မူတည်၍ စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် နည်းပညာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ပြီး ထွက်ကုန်များကိုလည်း စာချုပ်ပါ သတ်မှတ်ထားသော အရေအတွက်၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီအောင် ထုတ်လုပ်ရမည်။

(င) ကန်ထရိုက်လယ်ယာစနစ် စာချုပ်အရ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များမှ ပေးအပ်သော သွင်းအားစု ပံ့ပိုးမှုများကို စာချုပ်ပါ သတ်မှတ်ထားသည့် ဧရိယာနှင့် လုပ်ငန်းများတွင်သာ အသုံးပြုရမည်။ အခြားဧရိယာနှင့် လုပ်ငန်းများအတွက် လုံးဝပြောင်းလဲသုံးစွဲခြင်း မပြုရ။

(စ) နည်းပညာပေးသင်တန်းများ၊ ဟောပြောပို့ချမှုများတွင် ပါဝင်တက်ရောက်ပေးရမည်။ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

(ဆ) သဘောတူစာချုပ်အပေါ် ပြင်ဆင်၊ ဖြည့်စွက်ချက်များကို နှစ်ဦးသဘောတူပြုလုပ်ရန် လိုအပ်ပါက ဆက်စပ်သော အဖွဲ့အစည်းများနှင့် သက်သေများရှေ့မှောက်တွင် အဆိုပါ ပြင်ဆင်၊ ဖြည့်စွက်ချက်များကို သဘောတူကြောင်း နှစ်ဖက်လက်မှတ်ရေးထိုးရမည်။

(ဇ) စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များတို့ နှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်း ဆောင်ရွက်ထားပြီးဖြစ်သော ထွက်ရှိလာသည့် သီးနှံ သို့မဟုတ် ထွက်ကုန်များကို စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင် သို့မဟုတ် အသင်းအဖွဲ့ထံ သတ်မှတ်အရေအတွက် သို့မဟုတ် ပမာဏအတိုင်း ရောင်းချရမည်။ ပိုလျှံသည့် သီးနှံ သို့မဟုတ် ထွက်ကုန်များကို လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။